ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမ်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

အမ်းတောင်ကျေးရွာအုပ်စု၊ ပျဉ်းတောကျေးရွာ

၂၀၁၇ ခုနှစ် အမ်းမြို့

# မာတိကာ


၁။မြို့နယ်မြေပုံ ၄

၂။ကျေးရွာအုပ်စုမြေပုံ ၅

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၆

၄။ကျေးရွာအခြေခံအချက်အလက်များ ၇

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)ဇယား။ ၉

၆။ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ၁၁

၇။ ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံသုံးသပ်ချက် ၁၁

၈။ရာသီခွင်ပြဇယားပုံ ၁၂

၉။ရာသီခွင်ပြဇယားပုံသုံးသပ်ချက် ၁၃

၁၀။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယား ၁၄

၁၁။ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယားသုံးသပ်ချက် ၁၄

၁၂။ ပြဿနာသစ်ပင်ပြပုံ ၁၅

၁၃။ပြဿနာသစ်ပင်ပြပုံသုံးသပ်ချက် ၁၆

၁၄။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယား ၁၇

၁၅။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယားသုံးသပ်ချက် ၁၈

၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယား ၁၉

၁၇။လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယားသုံးသပ်ချက် ၁၉

၁၈။ပင့်ကူအိမ်ကွန်ယက်ဇယား ၂၀

၁၉။ပင့်ကူအိမ်ကွန်ယက်ဇယားသုံးသပ်ချက် ၂၁

၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ၂၂

၂၁။ကျေးရွာအချက်အလက် (ပုံစံ-၁) ၂၃

၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ၂၆


၂၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၈

၂၄။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ၃၀

၂၅။ အစည်းအဝေးမှတ်တမ်းများ ၃၁


၂၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၃၄

# ၁။ အမ်းမြို့နယ်မြေပုံ



အမ်းမြို့နယ်ကျေးရွာအုပ်စု၊ ကျေးရွာအညွှန်းပြမြေပုံ
စေတုတ္တရာမြို့နယ်
မင်းပြားမြို့နယ်
ငဖဲမြို့နယ်
မြေပုံမြို့နယ်
စစ်တွေသို့
မင်းဘူးသို့
မင်းတုန်းမြို့နယ်
မအီမြို့နယ်ခွဲ
မအီသို့
ကျောက်ဖြူမြို့နယ်
ရမ်းဗြဲမြို့နယ်

## ၂။ အမ်းတောင်အုပ်စုမြေပုံ



## ၃။ အမ်းတောင်အုပ်စုရှိကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|
| ၁ | အမ်းတောင် | ပျဉ်းတော |
| | | ပတ်ကွေ့ |
| | | ဆင်ခုံတိုင် |
| | | ပြေယ် |
| | | ကြက်ရေစမ်း |
| | | ပိန်းရေစမ်း |
| | | ကံမြင့်ကန် |

## ၄။ ကျေးရွာအခြေခံအချက်အလက်

### (၁) ကျေးရွာသမိုင်းအကျဉ်း

ပျဉ်းတောကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၁၂၀)ကျော်ခန့်ကပင် စတင်တည်ထောင်ခဲ့သည်။ ထင်းတော (သို့မဟုတ်)ပျဉ်းတောကျေးရွာကို ဖဲမြို့နယ်မှ တောင်ပေါ်သား ဦးဆယ်ယာစတင်တည်ထောင်ခဲ့ပါသည်။ ပျဉ်းတောကျေးရွာကို ယခင်က ထင်းတောကျေးရွာဟု ခေါ်ဝေါ်ကြပါသည်။ ပျဉ်းတောကျေးရွာကို ယခင်က ထင်းတောကျေးရွာဟု ခေါ်ဝေါ်ကြပါသည်။ ပျဉ်းတောကျေးရွာကို မန်ကျည်းကုန်းရွာ၊ ညောင်ကုန်းရွာ၊ ဥသျှစ်ကုန်းရွာဟူ၍ ရွာ (၃)ရွာနှင့် ပျဉ်းတောကျေးရွာ တည်ထောင်ခဲ့ပါသည်။ ဥသျှစ်ကုန်းရွာကို အမှီပြု၍ လယ်၊ ဥယျာဉ်တို့ကို အများစု လုပ်ကိုင်ပြီး စီးပွားရှာလုပ်ကိုင်ကြပါသည်။ (၁၉၉၀)ခုနှစ် ဂန်းကျင်စစ်တပ်နယ်မြေအဖြစ် ဥသျှစ်ကုန်းရွာကို ယူပြီး ခမရ (၃၇၂)တပ်ရင်းကို တည်ဆောက်ခဲ့ပါသည်။ သိမ်းပိုက်ခံရသော လယ်ဧက၊ ဥယျာဉ်ပေါင် ၆၀ ကျော် ရှုံးဆုံးမှုဖြစ်ခဲ့ပါသည်။ ကျေးရွာသားများသည် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါသည်။

### (၂)ထူးခြားဖြစ်စဉ်

- မရှိပါ။

### (၃)လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ကရင် | ၄ | ၂ | ၂ | ၄ |

### (၄)ထိခိုက်လွယ်အုပ်စုများ

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၀ | ၈ | ၁၂ | ၂၀ |

## (၅)အဓိကစီးပွားရေးလုပ်ငန်း

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| ဒညင်း | ကြက် | ဝါးခုတ်ခြင်း | ကျပန်း |
| နမ်း | ဝက် | တောင်ယာလုပ်ငန်း | |
| စပါး | ကျွဲ | လက်လီလက်ကားရောင်းဝယ်ခြင်း | |
| သီဟိုဠ်၊ ရာဘာ | နွား၊ ဆိတ် | ကိုင်းသီးနှံစိုက်ပျိုးခြင်း | |

## (၆) ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | လယ် | ကိုင်း | တောင်ယာ | စားကျက်မြေ | နစ်ရှည်စိုက်ခင်း | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း/စိမ့်စမ်းရေ သွယ် | ချောင်းရေ သောက်သုံးမှု |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၂၀ | ၅ | ၁၀ | ၅ | ၆၀ | ရှိ | ၁၂ | ရှိ | ရှိ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | ဆိုင်ကယ် | စက်လှေ | စပါးကြိတ် စက် | ဈေးဆိုင် | မီးစက် | | |
| အရေအတွက် | ၁၀ | ၂ | ၁၄၀ | ၅ | ၁ | ၇၀ | ၅၀ | | |

## (၇) ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ကျွဲ | နွား | ကြက် | ဝက် | ဆိတ် | လုပ်သား | ကျွမ်းကျင်လုပ်သား |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၃ | မရှိ | ၁၀ | ၁၀၀ | ၅၀၀ | ၄၀ | ၁၀ | ၁၅၀ | ၂၀ |

## (၈) ကျေးရွာရှိအသုံးပြုနိုင်သောအရင်းအမြစ်/ အချက်အလက်များ

| အရင်းအမြစ် | ဆေးရုံ/ဆေးခန်း | အ.မ.က/အ.လ.က/အ.ထ.က | ဈေး | မြေတူးစက် | လမ်းကြိတ်စက် | မြေသယ်ကား | ကွန်ကရစ် ဖျော်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | အ.လ.က | မရှိ | မရှိ | မရှိ | ၆ | ၃ |

၅။ လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၁၆.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၁၀ | ၉ | ၁၉ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊လယ်မြေ၊စိုက်ခင်း၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့ါသည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၁၆.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၉ | ၆ | ၁၅ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စိုက်ပျိုးချိန် ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲ တော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကို ကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြ သည်။ |
| ၃ | ကျေးရွာ၏ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | ၁၆.၁၂.၂၀၁၆ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၁၄ | ၂၉ | ၄၃ | ကျေးရွာသူကျေးရွာသားများ၏ ကျေးရွာအတွက် အဓိကလိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | ပြဿနာသစ်ပင် ( Problem Tree) | ၁၆.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ၊ | ၈ | ၈ | ၁၆ | ကျေးရွာသူအများစုရွေးချယ်ခဲ့သောစီမံကိန်းလုပ်ငန်းခွဲ၏ကျိုး ကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ဖြင့်စိစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၁၆.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ ကျေးရွာအုပ် ချုပ်ရေးအဖွဲ့ဝင်များ | ၇ | ၆ | ၁၃ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း ( Wealth Ranking) | ၁၆.၁၂.၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၇ | ၆ | ၁၃ | ကျေးရွာအတွင်းရှိ လူများအကြား၊ငွေကြေး၊ပစ္စည်းဥစ္စာ၊မြေအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေ ရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစားခဲ့ကြသည်။ |
| ၇ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၆.၁၂.၂၀၁၆ | ကျေးရွာသူကျေးရွာသားများ၊ အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၁၄ | ၁၂ | ၂၆ | အမျိုးသားနှင့်အမျိုးသမီးများအကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူ အခွင့်အရေး၊ ပညာ သင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆။ ပျဉ်းတောကျေးရွာလူမှုရေးပြနှင့် အရင်းအမြစ်ပြမြေပုံ




## ၇။ အမ်းတောင်အုပ်စု၊ ပျဉ်းတောကျေးရွာမြေပုံသုံးသပ်ချက်


| | | |
|---|---|---|
| တည်နေရာ။ | လောင်ဂျီတွဒ် ၉၄ဒီဂရီ ၂၅မိနစ် | လဒ်တီတွဒ်- ၁၉ဒီဂရီ၈၃မိနစ် |

ပျဉ်းတောကျေးရွာသည် အမ်းမြို့လေယာဉ်ကွင်းရပ်ကွက်နှင့် အမ်းမြို့သစ်ကြားတွင်ရှိပြီး ခမရ (၃၇၁) တပ်ရင်းရှေ့မျက်နှာတွင် ပျဉ်းတောကျေးရွာတည်ရှိပါသည်။ ပျဉ်းတောကျေးရွာသည် မြို့နှင့်နီးသောကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့်လုပ်ငန်းများလက်လှမ်းမှီသော ကျေးရွာဖြစ်သည်။ ပျဉ်းတောကျေးရွာ၏ မြောက်ဘက်တွင် အမ်းချောင်းရှိပြီး ထိုချောင်းမှ ရေကိုရွာသူရွာသားများသုံးရေချိုးရေ အဖြစ်အသုံးပြုကြပါသည်။ ရွာ၏အရှေ့ဘက်အရပ်တွင် ဘုန်းတော်ကြီးကျောင်းရှိပြီး အနောက်ဘက်အရပ်တွင် စာသင်ကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်းလည်းရှိသည်။

ပျဉ်းတောကျေးရွာ၏ စီးပွားရေးလုပ်ငန်းများမှာ ကိုင်းလုပ်ငန်း၊ စပါးစိုက်ပျိုးရေးလုပ်ငန်း၊ ဉယျာဉ်တို့ကို လုပ်ကြပြီး ရွာတွင်း၍ ဈေးဆိုင်များဖြင့် စီးပွားရေးလုပ်ကြပါသည်။

| | |
|---|---|
| အဖြစ်များသောရောဂါ | ငှက်ဖျား၊ ဂမ်းရောဂါ |
| အိမ်သာသုံးစွဲမှု၊ ယင်လုံအိမ်သာသုံးစွဲမှု | ရှိပါသည်။ |
| ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ် | ရေဘေး |
| စာသင်ကျောင်း၊ ဆေးပေးခန်း၊ | ရှိ၊ မရှိ |
| ကျောင်းသားအရေအတွက် | ၁၃၀ ဦး |
| တက္ကသိုလ်ဝင်တန်းအောင် - | ၇၀ ဦး |
| ကျေးရွာတွင်အဓိကကြုံတွေ့နေရသောအခက်အခဲ - | ရေကြီးခြင်း |

## ၈။ ရာသီခွင်ပြဇယား



## ၉။ ရာသီခွင်ပြဇယားသုံးသပ်ချက်


ပျဉ်းတောကျေးရွာသည် တစ်နှစ်တာရာသီခွင်ပြဇယား သုံးသပ်ချက်အရ တန်းခူးလတွင် ရာသီဥတုသာယာပြီး သင်္ကြန်ပွဲတော်ကို ကျင်းပသည့်လဖြစ်သည်။ တန်းခူးလတွင် ပူပြင်းသည့်လဖြစ်သည့်အတွက် တိရစ္ဆာန်များ ရောဂါကျရောက်သည့် လဖြစ်သည်။ အဓိကနွားများ လျှာနာခွာနာရောဂါ ဖြစ်တက်သောကြောင့် သတိထား မွေးမြူကြပါသည်။

တန်းခူးလတွင် အလုပ်အကိုင်ပေါ်ပြီး ဝင်ငွေကောင်းသော လဖြစ်ပါသည်။ ကဆုန်လတွင် တောင်ယာ လုပ်ငန်းများ ကောက်ချပြီး ကိုယ်ပိုင်တောင်ယာ လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်သည့်လ ဖြစ်သောကြောင့် ဝင်ငွေနည်းသော လဖြစ်သည်။ နယုန်လတွင် မိုးရွာလိုက် နေသာလိုက် ဖြစ်သောကြောင့် ငရုတ်၊ နှမ်း စသည့် စိုက်ပျိုးပင်များကို ပျိုးထောင်သော အချိန်ဖြစ်၍ အလုပ်အကိုင် ရှိသော်လည်း ဝင်ငွေမရှိသော လဖြစ်သည်။

ဝါဆိုလတွင် မိုးရွာသွန်းမှု ပုံမှန်ဖြစ်သောကြောင့် စပါးနှမ်း၊ ဒသည်းနှင့် ငရုတ်ကောင်းတို့ စိုက်ပျိုးခြင်းကို စတင် ပြုလုပ်ပြီး ဝါခေါင်လတွင် စိုက်ခင်းနှင့် တောင်ယာလုပ်ငန်းတို့ကို နောက်ပေါင်းလိုက်ကြပါသည်။ တော်သလင်း လနှင့် သီးတင်းကျွတ်လတို့တွင် တောင်ယာစိုက်ပျိုးပင်များကို ရိတ်သိမ်းပြီး သီးတင်းကျွန်လတွင် မီးထွန်းပွဲ တော်ကျင်းပ ကြပါသည်။

တန်းဆောင်မုန်းလတွင် နှမ်းအစရှိသည့် သီးနှံပင်များ ကိုရိတ်သိမ်းပြီး သီးနှံများအား ရောင်းချသောကြောင့် ဝင်ငွေရရှိသောလ ဖြစ်ပါသည်။ ပြာသိုလတွင် စိုက်ခင်းနုတ်လုပ်ငန်းကို စတင်ပြီး ကောက်သစ်စားပွဲ ပြုလုပ်ကြ ပါသည်။ တပေါင်းလတွင် ရှင်ပြုအလှူပွဲနှင့် မင်္ဂလာဆောင် ပွဲအများဆုံး ပြုလုပ်ကျင်းပသော ရာသီဖြစ်၍ ၁၂ လရာသီ ကာလအကုန်လုံးတွင် တိရစ္ဆာန်များကို မွေးမြူသောလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

## ၁၀။ ကျေးရွာဦးစားပေးအစီအစဉ်ဇယား



ဆောင်ရွက်ရန်လိုအပ်ချက်များကို ဦးစားပေး ရွေးချယ်ခြင်း

ကျေးရွာအမည် ပျဉ်းတော


နေ့စွဲ ၊ 17.11.2016

| အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|---|---|
| ၁ ရွာကြားကွန်ကရစ်လမ်း | | ကွန်ကရစ် | ကွန်ကရစ် | | | | | ၂ | ၁ |
| ၂ ရွာလမ်းမ ကွန်ကရစ်လမ်း | | | ရွာလမ်းမ ကွန်ကရစ်လမ်း | | | | | ၁ | ၂ |
| ၃ အဝီစိတွင်းတူး ရေဝေခြင်း | | | | | | | | ၀ | ၃ |
| ၄ | | | | | | | | | |
| ၅ | | | | | | | | | |
| ၆ | | | | | | | | | |
| ၇ | | | | | | | | | |

## ၁၁။ ကျေးရွာဦးစားပေးအစီအစဉ်ဇယားသုံးသပ်ချက်

ပျဉ်းတောကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများသည် ကြုံတွေ့နေရသော အခက်အခဲများအပေါ် အခြေခံကာ ကျေးရွာအတွင်းရှိ လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေးခြင်း ပြုလုပ်ရာတွင် အမျိုးသမီးအဖွဲ့၊ အမျိုးသား အဖွဲ့များခွဲ၍ ဆွေးနွေးတိုင်ပင်ကြပါသည်။ ထို့သို့ဆွေးနွေးရာတွင် ကျေးရွာရှိအခက်အခဲများအား မည်သည့်နည်းလမ်းဖြင့် ဖြေရှင်းမည်၊ မည်သူတို့က တာဝန်ယူဖြေရှင်းမည် စသည်တို့ကို အဖြေရှာကာ အဓိကလိုအပ်သည့် စီမံကိန်းလုပ်ငန်းခွဲများကို ကျေးရွာသူ၊ ကျေးရွာသားများအကြား ဆွေးနွေးတိုင်၍ အဆင့်သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ပျဉ်းတောကျေးရွာအတွက် အဓိကလိုအပ်လျှက်ရှိသော စီမံကိန်းလုပ်ငန်းခွဲမှာ ကျေးရွာတွင်း လမ်းခင်းရန်ဖြစ် ပြီး အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့သုံးဖွဲ့စလုံးမှ ဦးစားပေရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်း ဖြစ်ပါသည်။


## ၁၂။ ပြဿနာသစ်ပင်



## ၁၃။ ပြဿနာသစ်ပင်သုံးသပ်ချက်

ပျဉ်းတောကျေးရွာသည် လေယာဉ်ကွင်း၊ အမ်းမြို့ဟောင်းနှင့် အမ်းမြို့သစ်သွားရာ ကားလမ်းမကြီးနံဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း ကျေးရွာတွင်းလမ်းကြားလေးများသည် မိုးရာသီတွင် ရေပြည့်လျှံပြီး ဗွက်ထခြင်း လမ်းချော်ခြင်းစသည့်ပြဿနာများကြုံတွေ့ရပါသည်။ ရွာတွင်းလမ်း ရေပြည့်လျှံသောကြောင့် သွားလာရခက်ခဲပြီး ဗွက်ထူထပ်သောကြောင့် ခြင်များပေါက်ဖွားပြီး ကျန်းမာရေး အခက်အခဲရှိပါသည်။ မိုးရာသီတွင် ရွာလမ်းကြားများသည် လမ်းချော်သောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များသွားလာရခက်ခဲပါသည်။ ပျဉ်းတောကျေးရွာ၏ ရွာတွင်းလမ်းအခက်အခဲကို ပြဿနာသစ်ပင်ဖြင့်သုံးသပ်ကြည့်သောအခါ ပျဉ်းတောကျေးရွာတွင် ရွာတွင်းလမ်းတကယ်လိုအပ်ကြောင်းကို ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလိုအပ်ကြောင်း သုံးသပ်ရွေးချယ်ခဲ့ပါသည်။

၁၄။ အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယား



## ၁၅။ အဖွဲ့အစည်းများချိတ်ဆက်မှုပြဇယားသုံးသပ်ချက်

ပျဉ်းတောကျေးရွာတွင် ချင်းလူမျိုးစုအဖွဲ့ ရခိုင်လူမျိုးစုအဖွဲ့နှစ်ဖွဲ့ရှိသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ပြီး ရပ်ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်ကြပါသည်။ ပျဉ်းတောကျေးရွာတွင် ချင်းယဉ်ကျေးမှုအသင်းရှိပြီး ချင်းလူမျိုးနှင့်သာ ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ချင်းလူမျိုးစု ရခိုင်လူမျိုးစု ဂေါပကအဖွဲ့တို့နှင့် ချိတ်ဆက်ပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့နှင့်လည်း ချိတ်ဆက်ကာ ရွာ၏ အခက်အခဲများကို မြို့နယ်ရှိ လိုအပ်သည့်ဌာနများသို့ တင်ပြလုပ်ဆောင်ပါသည်။ ပျဉ်းတောကျေးရွာရှိ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာလူထုနှင့် ချိတ်ဆက်ပြီး ကျောင်းကော်မတီနာရေးကူညီမှုအသင်းတို့ ချိတ်ဆက်ကာ ဘာသာရေးနာရေးနှင့် ပွဲလမ်းသဘင်တို့ကို ပြုလုပ်ကြပါသည်။ ယခုအချိန်တွင်ကျေးရွာဖွံ့ဖြိုးရေးကို ရွာရှိလူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် မြို့နယ်လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ချိတ်ဆက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်ကြပါသည်။

၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းဇယား

ကျေးရွာအမည်- ပျဉ်းတောကျေးရွာ ရက်စွဲ။ ။၁၇.၁၁.၁၆

| စံနှုန်းသတ်မှတ်ချက်များ | ချမ်းသာ၊ ပြည့်စုံ | အလယ်အလတ် | နွမ်းပါး | မသန်စွမ်း |
|---|---|---|---|---|
| ဦးရေ | ၁၂စု | ၉၁စု | ၁၁၀စု | |
| အိမ်အခြေအနေ | အုတ်တိုက် | ပျဉ်ထောင် | သစ်တိုင်၊ ဝါးကာ | |
| မြေယာပိုင်ဆိုင်မှု | စိုက်ခင်း | စိုက်ခင်း | | |
| ကျွဲ၊ နွားပိုင်ဆိုင်မှု | | | | |
| စက်ပစ္စည်း ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ် | ဆိုင်ကယ် | | |
| နှစ်ပတ်လည် ခန့်မှန်းဝင်ငွေ | သိန်း ၁၀၀ | သိန်း ၃၀ | ၁၀ သိန်း | |
| ဂမ်းစာဖူလုံမှုအခြေအနေ | ကောင်း | ဖူလုံ | မဖူလုံ | |
| အခြားပိုင်ဆိုင်မှု | ဈေးဆိုင် | | | |

၁၇။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းဇယားသုံးသပ်ချက်

ပျဉ်းတောကျေးရွာတွင် ချမ်းသာပြည့်စုံသည့် အိမ်ထောင်စု (၄)စုရှိပြီး၊ အလယ်အလတ်တန်းစားမိသားစု (၅၀)စုရှိကာ ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု (၁၅၀) စုရှိပါသည်။


ချမ်းသာပြည့်စုံသည့် အိမ်ထောင်စုသည် အုတ်တိုက်၊ သွပ်မိုးအိမ်ကို ပိုင်ဆိုင်ကြပြီး ကား၊ ဈေးဆိုင်၊ တီဗွီ၊ စလောင်းစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ တစ်နှစ်စာဝင်ငွေမှာ ကျပ် (၁၀၀)သိန်းခန့်ရှိကြပါသည်။ တစ်နှစ်ပတ်လုံးဂမ်းစာဖူ လုံသည်ထက်ပိုလျှံကြသည်။

အလယ်အလတ်တန်းစား အိမ်ထောင်စုများသည် ပျဉ်ထောင်အိမ်များပိုင်ဆိုင်ကြပြီး လယ်ယာမြေ၊ ကိုင်း၊ သီဟိုဠ်ခြံ Tvများ ပိုင်ဆိုင် ကြပါသည်။ တစ်နှစ်တာဝင်ငွေမှာ (၂၅)သိန်းခန့်ရှိကြပြီး ဂမ်းစာဖူလုံမှုရှိကြသည်။

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှာ ဝါးအိမ်များ ပိုင်ဆိုင်ကြပါသည်။ အခြားပိုင်ဆိုင်မှုမရှိကြပေ။ တစ်နှစ်ပတ်လုံးဝင်ငွေမှာ ကျပ် (၈)သိန်းခန့်ရှိကြသည်။ ဂမ်းစာဖူလုံမှုမရှိပေ။

ပျဉ်းတောကျေးရွာရှိ အိမ်ထောင်စုများမှာ အလယ်အလတ်အဆင့်ရှိသော သီဟိုဠ်စိုက်ခင်းနှင့် ကျပန်းအလုပ်ကိုလုပ်ကိုင်ကြသည် အလုပ်သမားများသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ငွေကြေးချမ်းသာ ပြည့်စုံသူ အလွန်နည်းပါးကြပါသည်။

**၁၈။ ကျား/ မရေးရာ ပင့်ကူအိမ်**



## ၁၉။ ကျား/ မရေးရာ ပင့်ကူအိမ်သုံးသပ်ချက်

ကျား/မရေးရာပင့်ကူအိမ်ဇယားအရ ပျဉ်းတောကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ အစည်းအဝေး တက်ရောက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှု၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု လက်လှမ်းမှီနိုင်မှု၊ အိမ်မှုကိစ္စဆောင်ရွက်မှု စသည့်အချက်များကို နှိုင်းယှဉ်လေ့လာ သုံးသပ်ကြည့်ရာတွင် အိမ်မှုကိစ္စဆောင်ရွက်မှုစသည့် အချက်တွင် အမျိုးသမီးထုသည် အမျိုးသားများထက် သာလွန်သော်လည်း ကျန်းမာရေးပြုစုစောင့်ရှောက်မှု လက်လှမ်းမှီနိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ အစည်းအဝေးတက်ရောက်နိုင်မှု၊ ဝင်ငွေရရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုတို့တွင် အမျိုးသားများလောက် အခွင့်အရေး ပြည့်ပြည့်ဝဝ မရရှိနိုင်သေးကြောင်း သုံးသပ်တွေ့ရှိသည်။

## ၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၂၁။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်များကို Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး [illegible] | 09421767109 | |
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် / မြို့နယ် ဘူးသီးတောင် | ကျေးရွာအုပ်စု [illegible] / ကျေးရွာ [illegible] | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ချင်း | ၁၇၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၉၈ |
| လူမျိုးစု (၂) ရခိုင် | ၂၂ | ဘာသာ (၂) ခရစ်ယာန် | ၂၅ |
| လူမျိုးစု (၃) ဗမာ | ၂၀ | ဘာသာ (၃) | |
| လူမျိုးစုရော ကရင် | ၁ | ဘာသာရော | ၁ |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ ဦး | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၂၇ | ၄၀၆ |
| လူမျိုးစု (၁) ချင်း | ၂၉၇ | ၂၆၆ |
| လူမျိုးစု (၂) ရခိုင် | ၆၉ | ၇၀ |
| လူမျိုးစု (၃) ဗမာ ကရင် | ၆၀ | ၇၀ |
| အိမ်ထောင်ဦးစီး | ၂၀၂ | ၁၁ |
| | | |

၄၂၇
၄၀၆
၈၃၃

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ✓ |
| အခြား | ✓ | အခြား | ☐ | ဗလီ | ☐ |
| မူလွန်ကျောင်း၊ Unicef ကျောင်း | | | | အခြား | ☐ |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ✓ ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ ✓

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------ရေကြီးမှု ၁၉၉၇ ၊ ၂၀၁၅

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---- ကျောင်းကော်မတီအဖွဲ့ ၊ ဂေါပကအဖွဲ့

(၂) ---- [illegible] ၊ [illegible]အဖွဲ့

ကျေးရွာခေါင်းဆောင် အမည် ဦး[illegible]

လက်မှတ် [signature] နေ့စွဲ ၁၆.၁၁.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဦးတာဇ မျိုးထွန်း

လက်မှတ် [signature] နေ့စွဲ ၁၆.၁၁.၂၀၁၆

## ၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး.တင် မျိုးထွန်း

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကချင် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible]

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၆.၁၁.၁၆ | ၁၆.၁၁.၂၀၁၆ | ၈၉ | ၅၆ | ၁၂၆ | ၄၃ ၊ ကချင်၊ ချင်း၊ ကရင်၊ ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၁၁.၂၀၁၆ | ၁၇.၁၁.၂၀၁၆ | ၆၁ | ၅၈ | ၁၁၅ | ၄၃ ၊ ကချင်၊ ချင်း၊ ကရင်၊ ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၁.၂၀၁၆ | ၁၈.၁၁.၂၀၁၆ | 22 | 14 | 35 | ချင်း၂၁၊ ကချင်၆၊ ဗမာ ၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 25.2.2017 | 25.2.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 27.2.2017 | 27.2.2017 | ၁၅ | ၁၇ | ၃၂ | ချင်း ၁၄ ၊ ကချင် ၁၅ ၊ ဗမာ ၃ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25.3.2017 | 25.3.2017 | ၁၈ | ၁၅ | ၃၃ | ချင်း ၁၆ ၊ ကချင် ၁၄ ၊ ဗမာ ၃ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 26.3.2017 | 25.3.2017 | ၁၄ | ၁၃ | ၂၇ | ချင်း ၁၂ ၊ ကချင် ၁၄ ၊ ဗမာ ၁ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ပယ်ပယ်ရေးအစီအစဉ် ရေးဆွဲခြင်း | 27.3.17 | 27.3.17 | ၂၀ | ၂၃ | ၄၃ | [illegible] |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 7.4.2017 | 7.4.2017 | ၅ | ၄ | ၉ | [illegible] |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 2.4.2017 | 2.4.2017 | ၁၃ | ၁၂ | ၂၅ | [illegible] |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 12.4.2017 | 12.4.2017 | ၇ | ၇ | ၁၄ | [illegible] |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 28.4.2017 | 28.4.2017 | ၈ | ၆ | ၁၄ | [illegible] |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 15.5.2017 | 15.5.2017 | ၉ | ၈ | ၁၇ | [illegible] |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၂၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုဆောင်မဝတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတင်မျိုးထွန်း | | | |
| နေ့စွဲ 17. 11. 2016 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် အမ်း | ကျေးရွာအုပ်စု အမ်းဆောင် | ကျေးရွာ ယုန်းတော |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီ ရွာတွင်းလမ်း သွားလာရန်ခက်ခဲ | ၁ | မိုးရာသီတွင် ရွာတွင်းလမ်း ခက်ခဲ |
| ၂ | ရွာလမ်းမကြီး ဖုန်ထသောကြောင့် ခက်ခဲ | ၂ | ရွာလမ်းမကြီး ဖုန်ထလာ၍ ခက်ခဲ |
| ၃ | နွေရာသီ ရေရှားပါး | ၃ | နွေရာသီတွင် ရေခပ်ရန် မလွယ်ကူ |
| ၄ | စီးပွားရေးလုပ်ရန် အရင်းအနှီးမရှိ | ၄ | |
| ၅ | သီးနှံရိတ်ခင်းများ ဆုံးရှုံးမှုရှိ | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မိုးရာသီတွင် ရွာတွင်းလမ်း လွယ်လွယ်ကူကူ သွားလာနိုင်ရန်။ | ၁ | မိုးရာသီတွင် ရွာတွင်းလမ်း လွယ်ကူစွာ သွားလာနိုင်ရန် |
| ၂ | ရွာလမ်းမကြီး လွယ်ကူစွာ သွားလာနိုင်ရန် | ၂ | ရွာလမ်းမကြီး လွယ်ကူစွာ သွားလာနိုင်ရန်။ |
| ၃ | နွေရာသီ ရေလုံလောက်စွာ ရရှိစေရန်။ | ၃ | နွေရာသီ ရေလုံလောက်မှုရရှိစေရန် |
| ၄ | | ၄ | |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်း | အမျိုးသား/သမီး | သိန်း ၁၈၅ | ၈၃၃ |
| ၂ | ရွာလမ်းမကြီး ကွန်ကရစ်လမ်း | ။ | သိန်း ၄၇၀ | ၈၃၃ |
| ၃ | အဝီစိတွင်း စက်ရေတင်ခြင်း | ။ | သိန်း ၁၅၀ | ၈၃၃ |
| ၄ | | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသေးစားငွေချေးအုပ်စု | ကျား+မ | |
| ၂ | သောက်ရေတွင်း ဆောက် | ကျား+မ | |
| ၃ | စိုက်ပျိုးရေး နည်းပညာ | ကျား+မ | |
| ၄ | အပ်ချုပ်သင်တန်း | ကျား+မ | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် -- [illegible] -------- လက်မှတ် -------- နေ့စွဲ 17. 11. 2016

## ၂၄။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC -4)

### ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးဝင်းမျိုးထွန်း

| | |
|---|---|
| နေ့စွဲ 10.12.2016 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် မြို့နယ် အမ်း | ကျေးရွာအုပ်စု အမ်းတောင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ပုလိုင်းတော | ရွာတွင်း ကွန်ကရစ်လမ်း | ၁၇၀၀'x၈'x၅" | | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၈၁၁၀၀၀ကျပ် | | ၃၉၀၀၀ကျပ် | | ၁၈၅၀၀၀၀ကျပ် |
| သင်ချောင်းဝိုင်း | ရေကာနံရံ ဆောက်လုပ်ခြင်း | ၁၈၃'x၁'-၆"x၆' ၅၀'x၁'-၆"x၁'၆" ၄၃x၁'-၆"x၁' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၅၀၀၀၀ကျပ် | | | | ၄၅၀၀၀၀ကျပ် |
| ပိန်းရေစမ်း | စိမ့်စမ်းရေ သွယ်တန်းခြင်း | ၂၂၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၇၁၀၀၀၀ကျပ် | | | | ၇၁၀၀၀၀ကျပ် |
| ကြက်ရေစမ်း | ဒီဇယ်မီးလင်း ရေး | မီးကြိုး ၁၃၀၀ကိုက် 24HP ဒီဇယ်စက် 10KVA ဒိုင်နမို၊ မီးသီး 10W | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၀၀၀၀၀ကျပ် | | | | ၉၀၀၀၀၀ကျပ် |
| ငပြယ် | ဆိုလာမီးလင်း ရေး | ၁၃၃ ခွက် 300W ဆိုလာ၊ 200A Battery၊ မီးသီး 10W | | ☐ ကျား ☐ မ ☑ ကျား+ မ | ၃၅၀၀၀၀ကျပ် | | | | ၃၅၀၀၀၀ကျပ် |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

၂၅။ အစည်းအဝေးမှတ်တမ်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန**

**လူထုဗဟိုပြု စီမံကိန်း**

**အစည်းအဝေးအမည် - တတိယနှစ် ကျေးရွာမိတ်ဆက်အစည်းအဝေး**

ကျင်းပသည့်နေ့ရက် - ၁၆.၁၁.၂၀၁၆

အချိန် - နေ့လည် ၁း၀၀ နာရီ

**အကြောင်းအရာ။ ။ အစည်းအဝေးမှတ်တမ်းတင်ခြင်း**

ရှေးဦးစွာ လူထုဗဟိုပြုဝန်ထမ်းများမှ မိတ်ဆက်ခြင်း၊ ရာအိမ်မှူး ဦးမောင်နမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကိုဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးစိုးမင်းရွှေမှ စီမံကိန်းအကောင်အထည် ဖော်သောဌာန၊ ဦးစီးဌာနအမည်၊ စီမံကိန်းအမည်တို့ကို ရွာသူရွာသားများနှင့်အတူ ဆွေးနွေးပြောကြားပြီး စီမံကိန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒီမိုကရေစီမူဝါဒလမ်းစဉ်ကို ဥပမာပေးပြီး ရှင်းလင်းပြောကြား ခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဒေါ်နွယ်နွယ်ထွန်းမှ စီမံကိန်းစက်ဝန်းအဆင့် (၆)ဆင့်ကိုအပြန်အလှန်ရှင်းလင်းဆွေးနွေး ခဲ့ပြီး စေတနာ့ဝန်ထမ်း ကျား(၁)၊ မ (၁) ကို ရွေးချယ်ခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်းများ၏ တာဝန်နှင့် ဝတ္တရားကို ရှင်းလင်းပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဦးရဲမင်းဟိန်းမှ ကျား/မရေးရာ အခန်းကဏ္ဍ၊ တာဝန်ယူမှု တာဝန်ခံမှု၊ လုပ်အားခ တန်းတူပေးချေမှု၊ ဆင်းရဲချမ်းသာလူမျိုးမရွေးပါဝင်ခွင့်ရရှိရေးကို ဥပမာများပေး၍ ရွာသူရွာသားများနှင့် အပြန် အလှန်ဆွေးနွေးခဲ့ကြပါသည်။

လက်ထောက်နည်းပညာမှူး ဒေါ်ရွှေရည်မွန်မှ ကော်မတီများလိုက်နာရမည့် ဆောင်ရန်/ ရှောင်ရန် (၁၀)ချက်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အကျိုးဝင်သော လုပ်ငန်း၊ အကျိုးမဝင်သော လုပ်ငန်းများ အကြောင်းရှင်းလင်းတင်ပြပြီး၊ သဘာဝပတ်ဝန်းကျင်အကာကွယ်နှင့် လူမှုအကာအကွယ် အကြောင်း ရှင်းလင်းပေးခဲ့ပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်နမှ မိတ်ဆက်အစည်းအဝေးအောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးအား ညနေ ၃း၀၀နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

## လူထုဗဟိုပြု စီမံကိန်း

## ကျေးရွာ-ဆင်ခုံတိုင်

## (တတိယနှစ်၊အုပ်စုအစည်းအဝေးမှတ်တမ်း)

ရက်စွဲ-၁၈.၁၂.၂၀၁၆

အစည်းအဝေးတက်ရောက်သူများ

ကျေးရွာတိုင်းဆီမှ ကော်မတီဝင်များတက်ရောက်သူ ကျား(၂၁)ဦးနှင့်မ(၁၄)ဦး၊စုစုပေါင်း(၃၅)ဦး တက်ရောက်ခဲ့ပါသည်။

ရည်ရွယ်ချက်မှာ-အုပ်စုကော်မတီဝင်များဖွဲ့စည်းပြီး ရံပုံငွေများခွဲဝေရန် ကျေးရွာတိုင်းတွင်အခြေပြု လာသော စီမံကိန်းလုပ်ငန်းခွဲများအား အတည်ပြုရွေးချယ်ရန်ဖြစ်ပါသည်။

ဆွေးနွေးချက်မှာ-စီမံကိန်းဝန်ထမ်းများနှင့်ကျေးရွာကော်မတီဝင်များမိတ်ဆက်ခြင်း၊အုပ်စုအုပ်ချုပ် ရေးမှူး ၏မှ အဖွင့်အမှာစကားပြောကြားခြင်း၊ စီမံကိန်း၏ သဘောတရားများအား မြို့နယ် စီမံကိန်း အဖွဲ့ခေါင်းဆောင် ဦးကျော်သန်းမှ ရှင်းလင်းပြောကြားပြီး အုပ်စုအဆင့်ကျေးရွာစီ/ထောက်ကော် မတီဝင်များအား မဲစနစ်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

စီမံကိန်းထောက်ပံ့ငွေအား ဒုတိယနှစ် စီမံကိန်း အုပ်စုအဆင့်အစည်းအဝေးမှတ်တမ်းအရ သမာ မတ်ကျကျ တရားမျှတစွာ ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွဲအပေါ် မူတည်ပြီး မဲစနစ်ဖြင့်ရန်ပုံငွေအား ခွဲဝေခဲ့ကြပါသည်။

ဆုံးဖြတ်ချက်မှာ-အမ်းတောင်အုပ်စု စီမံကိန်းအထောက်ကူပြုကော်မတီ

ကျေးရွာအုပ်စု စီ/ထောက်ဥက္ကဌ

(ကျား) - ဦးဟန်ဝင်းအောင်

( မ ) - ဒေါ်မထွေး

အုပ်စု ဘဏ္ဍာရေး ဥက္ကဌ - ဦးနိုင်လင်းဇော်

အုပ် စာရင်းကိုင် ဥက္ကဌ - ဦးသန်းထွန်း

အုပ်စုဝေဖန်အကြံပြု ကိုယ်စာလှယ် (ကျား) - ဦးဝင်းနိုင် ၊(မ)-ဒေါ်ခင်သန်းရီ

ကျေးရွာငွေစာရင်းကိုင်များသည့် အုပ်စုဘဏ္ဍာရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။

အမ်းတောင်အုပ်စု (၇) ရွာရှိသည့်အနက် (၅)ရွာကို တတိယနှစ် စီမံကိန်းတွင် လုပ်ငန်းခွဲများအား အကောင်ထည်

ဖေါ်ဆောင်ရန် အောက်ပါအတိုင်း ရွေးချယ်ခဲ့ပါသည်။

(၁)ပျဉ်းတော (ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း) - ၁၈၅၀၀၀၀ကျပ်/

(၂)ဆင်ခုံတိုင် (ရေကာနံရံတည်ဆောက်ခြင်း) - ၄၅၀၀၀၀ကျပ်/

(၃) ငပြယ် (ဆိုလာမီးလင်းရေး) - ၃၅၀၀၀၀ကျပ်/

(၄)ကြက်ရေစမ်း(ဒီဇယ်မီးလင်းရေး) - ၈၅၀၀၀၀ကျပ်/

(၅)ပိန်းရေစမ်း (ရေပိုက်သွယ်တန်းခြင်း) - ၇၁၀၀၀၀ကျပ်/

ကျေးရွာလုပ်ငန်းခွဲများအား ခွဲဝေရာတွင် ဒုတိယနှစ် စီမံကိန်း လက်ကျန်ငွေ (၃၉၃၁၁၁) သုံးသိန်းကိုးသောင်း

သုံးထောင် တစ်ရာ တစ်ဆယ် တစ်ကျပ် နှင့်ပေါင်းပြီးခွဲဝေခဲ့ပါသည်။

လာမည့် စတုတ္ထနှစ် စီမံကိန်းတွင် ပထမဦးစားပေးအနေဖြင့် ပတ်ကွေ့ကျေးရွာနှင့် ကံမြင့်ကန်ကျေးရွာအား

ဦးစားပေးရန်ဆုံးဖြတ်ခဲ့ပြီး ကျန်ရှိသော ကျေးရွာ (၅)ရွာအား ဒုတိယဦးစားပေး အစည်းအဝေးအား ညနေ

(၃း၀၀)နာရီတွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

## ၂၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ (၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | လ/နှစ် | ကျေးရွာတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းကွန်ကရစ်လမ်း | ☐ √ကျား<br>☐ √မ | ၂၀၁၇ | ကျေးရွာ | CDD |
| | ၂ | ရွာလမ်းမကြီး ကွန်ကရစ်လမ်း | ☐ √ကျား<br>☐ √မ | ၂၀၁၈ | ကျေးရွာ | မရှိသေးပါ |
| | ၃ | အငီစီတွင်း | ☐ √ကျား<br>☐ √မ | ၂၀၁၉ | ကျေးရွာ | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| | | | | | | |
| ကျန်းမာရေး ပညာရေး | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| အခြား | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| | | | | | | |
| အခြား | ၁ | | ☐ ကျား<br>☐ မ | | | |
| | ၂ | | ☐ ကျား<br>☐ မ | | | |
| | ၃ | | ☐ ကျား<br>☐ မ | | | |
| | ၄ | | ☐ ကျား<br>☐ မ | | | |
| | ၅ | | ☐ ကျား<br>☐ မ | | | |
| | | | | | | |